**မြန်မာနိုင်ငံမှ ပဋိပက္ခအတွက် သတိရှိရေး - မတူညီသော အုပ်စုများကြား သွေးထွက်သံယိုမှုများ ကာကွယ်ရန်နှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်းအောင် တည်ဆောက်ရေး**

ဂျကာတာ /ဘရပ်ဆဲ ၊ ၁၂ ဇွန် ၂၀၁၂

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ဘာသာကွဲ လူမျိုးကွဲများကြားတွင် ဖြစ်ပွားသော သွေးထွက်သံယိုမှုများသည် မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပေါ်နေသော နိုင်ငံရေးအရ အသွင်ကူးပြောင်းရေး ဖြစ်စဉ်၏ ရလဒ်တစ်ခုဖြစ်သည့်နည်းတူ အဆိုပါ အသွင်ကူးပြောင်းရေး ဖြစ်စဉ်ကို ခြိမ်းခြောက်နေပါသည်။ အဆိုပါ ကွဲပြားမှုများကြားတွင် ဖြစ်ပေါ်သော တင်းမာမှုနှင့် မြန်မာနိုင်ငံ၏ မွတ်ဆလင် လူနည်းစု အပေါ် ခွဲခြားဆက်ဆံမှုများသည် ယခုမြန်မာနိုင်ငံ၏ တံခါးဖွင့်မှုများ မတိုင်မီ ကာလရှည်ကြာ ကတည်းက ဖြစ်ပေါ်လျက် ရှိနေရာ၊ အာဏာရှင် စနစ်ဖြင့် ကန့်သတ်ထားမှုများ ဖြေလျော့လာခြင်းသည် ယခုလက်ရှိ ပဋိပက္ခများ အားကောင်းစွာ အန္တရာယ်ကြီးမားစွာ ဖြစ်ပေါ်လာစေပါသည်။ ထိုနည်းတူစွာပင် ယခုပဋိပက္ခကို ရပ်ဆိုင်းသွားအောင် မလုပ်နိုင်ခြင်းနှင့် ဖြစ်ရသည့် အကြောင်းရင်းများကို စဉ်းစားမကိုင်တွယ်နိုင်ခြင်းတို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အသစ်များကို တဖြည်းဖြည်း ပျက်သွားစေခြင်း (သို့မဟုတ်) ရပ်ဆိုင်းသွားစေခြင်း ဖြစ်နိုင်သည့် အန္တရာယ်ရှိပါသည်။

အစိုးရသည် ယခု ဖြစ်ပေါ်နေသော ပြင်းထန်သည့် ရက်စက်မှုများ ရပ်ဆိုင်းသွားအောင် လုပ်ဆောင်မှုများ မပြုလုပ်နိုင်ခြင်းနှင့် လူနည်းစု အသိုင်းအဝိုင်းများကို အကာအကွယ်ပေးမည့် အခြေခံ လုပ်ဆောင်မှုများ မပြုလုပ်နိုင်ပါက၊ အဆိုပါ ရက်စက်မှု ဖြစ်ရပ်များ ပျံ့နှံ့သွားနိုင်သည့် အန္တရာယ်ရှိပါသည်။ ယခုကိစ္စကို အစိုးရက မည်သို့ကိုင်တွယ်သည်ဆိုသည့် အဖြစ်မှာ အာဏာရှင်စနစ်မှ လွတ်မြောက်စ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တရားရုံးများအတွက် အဓိကကျသော စမ်းသပ်မှု ဖြစ်ပေလိမ့်မည်။ ထို့အပြင် မွတ်ဆလင် ရိုဟင်ဂျာများအပေါ် မတရားခွဲခြား ဆက်ဆံသည့် အစိုးရ၏ ကာလရှည်ကြာက မူဝါဒကို ပြောင်းပစ်နိုင်သည့် စွမ်းရည်နှင့် စိတ်သဘောထားကို စမ်းသပ်မှု တစ်ခုလည်း ဖြစ်ပါသည်။

အသက် (၂၇)နှစ်ရှိ စက်ချုပ်သူ မသီတာထွေးအား ၂၀၁၂ မေလ ၂၈ရက်က အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့ခြင်းသည် ဗုဒ္ဓဘာသာနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် နေထိုင်သော မွတ်ဆလင် အသိုင်းအဝိုင်းကြား ကာလရှည်ကြာက ရှိနေသော တင်းမာမှုကို ပေါက်ကွဲစေသည့် မီးပွားဖြစ်ပါသည်။ နောက်တစ်နေ့တွင် သံသယရှိသူ မွတ်ဆလင်(၃)ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု မီဒီယာသတင်းများက ဆိုပါသည်။ နောက်တစ်ရက်အကြာတွင် ဗုဒ္ဓဘာသာဝင် လူအုပ်ကြီးသည်ထိုဒေသရှိ ရဲစခန်းအား ဝိုင်းထားပြီး အကျဉ်းထောင်သို့ လွှဲခဲ့သော အထက်ပါ မသင်္ကာသူများကို ထုတ်ပေးရန် တောင်းဆိုခဲ့ပါသည်။ ဇွန်လ(၃)ရက်နေ့ မွတ်ဆလင်ဆန့်ကျင်ရေးစိတ်များ ဖြစ်စေသည့် လက်ကမ်းစာစောင်များ ဝေငှ အပြီး၌ တောင်ကုတ်မြို့တွင် ရန်ကုန်သို့ သွားမည့် ဘတ်စ်ကားအားရပ်တန့်စေ၍ လူသုံးရာခန့်ရှိသော လူအုပ်ကြီးက

မွတ်ဆလင်ခရီးသည် (၁၀)ဦးအား သေသည်အထိ ရိုက်နှက်ခဲ့ကြပါသည်။ ဗုဒ္ဓဘာသာဝင် တစ်ဦးမှာလည်း မွတ်ဆလင်အမှတ်ဖြင့် အသတ်ခံခဲ့ရပါသည်။

အဆိုပါဖြစ်ရပ်များ ထပ်မံ ဖြစ်ပွားလာမည်ကို စိုးရိမ်သောကြောင့် ပြည်ထောင်စု အစိုးရသည် ထိုသို့သော ဥပဒေမဲ့ မင်းမဲ့စရိုက် လုပ်ရပ်သည် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးမှုများကို ထိခိုက်နိုင်သောကြောင့် အဆိုပါကိစ္စ စုံစမ်း စစ်ဆေးရန် စုံစမ်းရေးကော်မရှင် ဖွဲ့စည်းကြောင်း ကြေညာ၍ ဇွန်လ ၃၀ ရက်တွင် သမ္မတသို့ တိုက်ရိုက်အစီရင်ခံရန် ညွှန်ကြားခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်အမည်များ ဖော်ပြခြင်းနှင့် ၎င်းတို့အား အခွင့်အာဏာ အပ်နှံခြင်းများကို ပုံနှိပ်ဖော်ပြခြင်းသည် ပွင့်လင်း မြင်သာမှုအတွက် လုပ်ရိုးလုပ်စဉ် မဟုတ်ဘဲ၊ ယခင်အာဏာရှင်စနစ်၏ လျှို့ဝှက်စွာ လုပ်ဆောင်တတ်သော အစဉ်အလာကို ချိုးဖျက်ခဲ့ပြီ ဖြစ်ကြောင်း သရုပ်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ယခု အဖြစ်အပျက်၏ နောက်ကွယ်ဖြစ်ရပ်များကို ဖုံးကွယ်ရန် ကြိုးစားမှုများ မဖြစ်အောင် ကာကွယ်ပြီး၊ တာဝန်ရှိသူများကို ပြစ်ဒဏ်ပေးမည် ဖြစ်ကြောင်းရည်ရွယ်ချက်ကို အချက်ပြလိုက်ပုံ ရသည်။ အတိအကျ ဆိုရလျှင် မွတ်ဆလင်များ အပေါ် ခွဲခြားဆက်ဆံခဲ့သော အစိုးရ၏ အတိတ်က လုပ်ဆောင်ချက်များကို အရေးကြီးသည်ဟု ဆိုချင်ပုံ ရပါသည်။

လက်တွေ့တွင်မူ စုံစမ်းစစ်ဆေးရန် ကြေညာချက်သည် နှစ်ဖက်သော အသိုင်းအဝိုင်းမှ စိတ်ဆိုးနေသော လူအုပ်ကြီး၏ ပြင်းထန်ရက်စက်သော လုပ်ရပ်များကို ရပ်တန့်အောင် လုပ်မပေးနိုင်ခဲ့ပေ။ တရားဝင် မီဒီယာ သတင်းများက ဇွန်လ ၇ ရက် တစ်နေ့ထဲတွင် နှစ်ဖက်သော အသိုင်းအဝိုင်းမှ အပြန်အလှန် လုပ်ဆောင်မှုများကြောင့် အနည်းဆုံး လူ ၇ဦး သေဆုံးပြီး၊ ၁၇ဦး ဒဏ်ရာရရှိကာ အိမ်ခြေ ၅၀၀ကျော်နှင့် အခြားအဆောက်အဦးများ ဖျက်ဆီးခံခဲ့ရသည်ဟု သတင်းဖော်ပြခဲ့ကြပါသည်။ အစိုးရ စာပေစီစစ်ရေးက အစောပိုင်းသတင်းများကို ပိတ်ပင်ခဲ့သော်လည်း ထိတ်လန့်ဖွယ်ပုံများ၊ လူမျိုးရေးပဋိပက္ခ ပြင်းထန်စေမည့် စကားလုံးများ အပါအဝင် လတ်ဆတ်သော အတည်မပြုရသေးသည့် သတင်းများသည် အင်တာနက်မှ တဆင့် ကျယ်ပြန့်စွာ ပြန့်နှံ့သွားခဲ့ပါသည်။

အဆိုပါ ပြင်းထန်သော ဖြစ်ရပ်များကို တုန့်ပြန်သောအားဖြင့် အစိုးရသည် ဇွန်လ ၁၀ ရက်နေ့က ရခိုင်ပြည်နယ်တွင် နောက်ထပ်အမိန့်တစုံတရာ မထုတ်ပြန်မခြင်း အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး လက်နက်ကိုင်တပ်များချထားခြင်း၊ ဖြစ်ပွား သော ဒေသများတွင် မာရှယ်လောကြေညာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံ တစ်ဝန်းသို့ နိုင်ငံပိုင်ရုပ်သံမီဒီယာမှတဆင့် ပြောကြားရာ ၎င်းသည် အဆိုပါ သတင်းများကို ရည်ရွယ်ချက်ဖြင့် ထိန်ချန်ထားခြင်း မရှိ ကြောင်း၊ သို့သော် ယခုအခြေအနေသည် ဤကဲ့သို့ ဆိုးရွားလာနိုင်မည် ဟု မမျှော်လင့်ထားကြောင်း ပြောခဲ့ပါသည်။ အဆိုပါ မိန့်ခွန်းတွင် ယခုဖြစ်ရပ်သည် တနည်းအားဖြင့် ပြည်နယ်တစ်ခုမှ ကျော်လွန်၍ ပြန့်နှံ့သွားနိုင်ပြီး လက်ရှိအသွင် ကူးပြောင်းရေးကာလ အတွင်းဝယ် တည်ငြိမ်မှု၊

ဒီမိုကရေစီတည်ဆောက်ရေး လုပ်ဆောင်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နိုင်သည်ဟု အရေးတကြီး သတိပေးပြောကြားထားသည်။ ထို့အပြင် ၎င်းက အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများနှင့် မငြိမ်သက်မှု မပြန့်နှံ့ရေးအတွက် အစိုးရနှင့် အတူတကွ လုပ်ကိုင်ကြရန် တောင်းဆိုခဲ့သည်။

ရိုဟင်ဂျာ မွတ်စလင်များသည် ကာလရှည်ကြာကပင် အစိုးရနှင့် ဒေသခံ ဗုဒ္ဓဘာသာ ရခိုင်လူမျိုးများကြား ဥပဒေဖြင့် လူမျိုးရေး ခွဲခြား ဆက်ဆံမှုကို ပြင်းထန်စွာ ခံစားခဲ့ကြရသည်။ ၎င်းတို့သည် ဒေသ တွင် မျိုးဆက်များနှင့် ချီ၍ နေထိုင်ခဲ့သော်လည်း၊ အများစုကို နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခံခဲ့ရပါသည်။ ၎င်းတို့၏ ရွာများမှ လွဲ၍ ခရီးသွားရန် တရားဝင်ခွင့်ပြုချက် လိုအပ်ခဲ့ပါသည်။ အလုပ်လုပ်ခွင့်၊ ပညာသင်ခွင့်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ရယူခွင့်များကို ကန့်သတ်ထားပါသည်။ ၎င်းတို့သည် လူမျိုးခွဲခြား ဆက်ဆံသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ဒဏ်ကို ခံခဲ့ကြရသည် ဖြစ်ရာ လက်ထပ်ရန် ကန့်သတ်ထားမှုများ၊ အဏ္ဏဖြင့် အခွန်ကောက်မှုများနှင့် အဓမ္မလုပ်အားပေးစေခြင်းများ ပါဝင်ပါသည်။ ထိုသို့ ဆက်ဆံခံရခြင်းကြောင့် အတိတ်ကဒုက္ခသည်များ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်သို့ အစုလိုက် ထွက်ပြေးခြင်းနှင့် လက်နက်ကိုင် သူပုန်အုပ်စုလေးများ ဖွဲ့စည်းခြင်းကဲ့သို့သော အဖြစ်အပျက်များ ဖြစ်စေခဲ့ပါသည်။ ၂၀၁၀ နိုဝင်ဘာလ ရွေးကောက်ပွဲ အပြီးတွင် ရိုဟင်ဂျာအချို့နှင့် အခြားမွတ်ဆလင် ကိုယ်စားလှယ်များသည် ပြည်နယ်လွှတ်တော်တွင်၎င်းတို့လူမျိုးများ၏ ခံစားနေရသော ဒုက္ခများ အနည်းဆုံး တင်ပြခွင့် ရခဲ့ပါသည်။ သို့သော် အရေးကြီးသော သက်ရောက်မှုများ မရှိခဲ့ပေ။

ဗုဒ္ဓဘာသာဝင်များက မွတ်ဆလင်များကို ရင်ထဲမှ မနှစ်သက်မှုများသည် ကိုလိုနီခေတ် ကာလမှ စတင်ရမည်ဟု ဆိုရပေမည်။ ထိုကာလက ဗြိတိသျှလက်အောက်ခံ အိန္ဒိယမှ မြန်မာနိုင်ငံသို့ မွတ်ဆလင်များနှင့် အခြားယုံကြည်ကိုးကွယ်မှု ရှိသူများ သိသာစွာ ဝင်ရောက်ခဲ့ကြပါသည်။ ကူးသန်းရောင်းဝယ်ရေး အဆင့်ဖြင့် အခွင့်ထူးခံ ဝန်ထမ်းငယ်များ၊ အချိန်ကာလ သတ်မှတ်ချက်ဖြင့် ငှားရမ်းသော အလုပ်သမားများ အဖြစ် ဝင်ရောက်လာခဲ့ကြပါသည်။ လွတ်လပ်ရေး ရပြီးကတည်းက ရိုဟင်ဂျာဟု လူသိများသော ဘင်္ဂါလီလူမျိုးများမှာ နိုင်ငံသားဖြစ်ခွင့်ကို ငြင်းပယ်ခံရပြီး မြန်မာနိုင်ငံတွင်းရှိ မွတ်ဆလင် အသိုင်းအဝိုင်းမှာလည်း ကွဲထွက်သွားပြီး၊ မျိုးရိုးများလည်း ရောသွားခဲ့ပါသည်။

ယခင်က လူမျိုးရေး အဓိကရုဏ်းများကို အစိုးရ အေဂျင်စီများက ကြိုးကိုင်ဖန်တီးခဲ့ကြခြင်းကြောင့် ယခုလတ်တလော အကြမ်းဖက် တိုက်ခိုက်မှုများ၏ မူလအစကို သတ်မှတ်ဆုံးဖြတ်ရန် ပိုမို ခက်ခဲနေပါသည်။ အာဏာရှင် အုပ်ချုပ်ခဲ့သော နိုင်ငံတွင် ချုပ်ကိုင်မှု ဖြေလျှော့ပေးနေချိန်မျိုးတွင် အတိတ်က မကျေနပ်မှုများ ပေါက်ကွဲကာ လျှင်မြန်စွာ ကူးစက်သွားခြင်းမှာ အထူးအဆန်း တစ်ခု မဟုတ်ပါ။ အချို့သတင်းများက လတ်တလော ကချင်ပြည်နယ်မှ ဗလီတစ်ခုကို တိုက်ခိုက်ရာတွင် ဘုန်းကြီးများ ဦးဆောင်ခဲ့သည်ဟု လည်းကောင်း၊ မွတ်ဆလင် စီးပွားရေးလုပ်ငန်းများအား တိုက်ခိုက်မှု နောက်ကွယ်တွင် ပြိုင်ဘက်စီးပွားရေး

လုပ်ငန်းများ ပါဝင်ပတ်သက်နေသည်ဟုလည်းကောင်း ဆိုပါသည်။ ပြီးခဲ့သော စက်တင်ဘာတွင် အင်တာနက် ပိတ်ပင်မှုများကို ရုတ်သိမ်းပေးခဲ့ပြီးနောက် အွန်လိုင်းမှ ပုံကြီးချဲ့ ပြောဆိုတင်ပြမှုများကို ယခုတင်းမာမှု ကြီးထွားလာရခြင်း၏ နောက်ကွယ်မှ အကြောင်းရင်း တစ်ခုအဖြစ် အချို့က သတ်မှတ်ကြပါသည်။ အမှန်စင်စစ် မြန်မာနိုင်ငံတွင် အင်တာနက် ပျံ့နှံ့ စိမ့်ဝင်မှုမှာ အလွန်ပင် နည်းပါးခြင်းကြောင့် ယခု အကြမ်းဖက် အဓိကရုဏ်း ကူးစက်အောင် အင်တာနက်မှ ဘာသာရေး၊ လူမျိုးရေး အပုတ်ချမှုများက မောင်းနှင်ခဲ့သည် ဆိုခြင်းမှာ မဖြစ်နိုင်ပါ။ သို့သော် အွန်လိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် တင်ထားကြသော မကျေနပ်ချက်များက လက်တွေ့ဖြစ်ရပ်အတွင်းမှ ပြည်သူများ၏ အမြင်များကို ထင်ဟပ်နေပါသည်။

မြန်မာနိုင်ငံမှ အခြားဘာသာဝင်များ သို့မဟုတ် အပြင်လူများဟု ခေါ်ကြသူများအပေါ် ပြစ်တင်ဝေဖန်ပုံဖော် ပြောဆိုမှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာ ဖြစ်လာရခြင်းမှာ ဗုဒ္ဓဘာသာ အများစု နေထိုင်သော မြန်မာနိုင်ငံတွင် တရုတ်၊ အိန္ဒိယ၊ ဘာသာကွဲ လူနည်းစုများ အပါအဝင် ဌာနေတိုင်းရင်းသားများနှင့် ရွှေ့ပြောင်းလူမျိုးစုများစွာ နေထိုင်ကြခြင်းကြောင့် ဖြစ်ပြီး ၎င်းတို့အများစုမှာ မြန်မာနိုင်ငံတွင် မျိုးဆက်များစွာ နေထိုင်ခဲ့သူများ ဖြစ်သည်။ ၎င်းအသိုင်းအဝိုင်းများသည် ရေကြည်ရာ၊ မြက်နုရာ ကျွမ်းကျင် နယ်ပယ်များတွင် စုဝေးနေကြသဖြင့် စီးပွားရေးပွင့်ဟ ဖွံ့ဖြိုးလာသည်နှင့်အမျှ အချိုးမညီသော အကျိုးဖြစ်ထွန်းမှုကို တွေ့မြင်ရနိုင်ပါသည်။

ယခုပြဿနာကို တုန့်ပြန်ရာတွင် အစိုးရအနေဖြင့် အောက်ပါတွေးဆချက်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ရန် လိုအပ်ပါသည်။

အချိန်ကန့်သတ်ချက် မရှိသော မာရှယ်လောသည် အပျံသင်စ ဒီမိုကရေစီအပေါ် ဆိုးကျိုး သက်ရောက် စေနိုင်သည်။

အခြေခံ အခွင့်အရေးများကို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန် ပြန်လည်ခွင့်ပြုကာ မလေးမစား မပြုအပ်သော အခွင့်အရေးများကို လည်း မထိမတို့ ဆက်လက်ထားရှိရမည်။

အခြေအနေက ခွင့်ပြုလျှင် ခွင့်ပြုခြင်း။ အသိုင်းအဝိုင်းနှစ်ခုကြား တင်းမာမှု လျှော့ချရန် အစီအစဉ်များကို ကျယ်ပြန့်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရမည်။ ထိပ်တန်းဦးစားပေးရမည့် ကိစ္စများမှာ မမျှတသော ဥပဒေ၊ စည်းမျဉ်းများကို အဆုံးသတ်ရေးနှင့် လက်ရှိပြဿနာ၏ အကြောင်းရင်းများကို ပွင့်လင်းမြင်သာစွာ ချက်ချင်း စုံစမ်းစစ်ဆေးရေးတို့ပင် ဖြစ်သည်။

အထူးသဖြင့် ဆယ်ကျော်သက်များကို ရည်ရွယ်သော ပူးတွဲပညာရေး အစီအစဉ်များအပါအဝင် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များ အကြား အပြန်အလှန် အကျိုးစီးပွားအတွက် အတူ လုပ်ဆောင်မှုတို့ကို အားပေးမည့် နည်းပညာဆိုင်ရာ စီမံချက်များကို ဖွံ့ဖြိုးအောင် စီမံရန် အတွေ့အကြုံရှိသော အရပ်ဖက်အဖွဲ့အစည်း အသင်းအဖွဲ့များကို အစိုးရမှ ခွင့်ပြုပေးသင့်သည်။

လတ်တလော ပြဿနာ၏ ခြိမ်းခြောက်မှုများ တည်ငြိမ်သွားပြီးသည့် နောက်တွင် တိုင်းရင်းသားလူမျိုး အားလုံး၏ ဥပဒေကြောင်း တရားဝင်မှုနှင့် နာတာရှည်မကျေလည်မှုများကို ကောင်းစွာကြားနာဖော်ထုတ်ရန် လိုအပ်သည်။ အဆိုပါ စိုးရိမ်ပူပန်မှုများကို လူသိရှင်ကြား ဖော်ထုတ်ခွင့်ပြုရာတွင် အပျံသင်ဆဲ လွှတ်တော်များ၊ လွှတ်တော်အမတ်များနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် တို့က ကဏ္ဍတစ်ရပ် အဖြစ် ပါဝင်နိုင်သည်။

လွတ်လပ်ခွင့်ပိုရှိလာသော်လည်း ဆင်ဆာဖြတ်နေဆဲဖြစ်သည့် နိုင်ငံပိုင်မီဒီယာမှ သတင်းကောင်းဟု မဆိုနိုင်သော ဆွေးနွေးမှုများ ကို ဖော်ထုတ်ပြသခွင့် ပေးသင့်ပြီး ယခုရက်ပိုင်းအတွင်း အင်တာနက်နှင့် ဆိုရှယ်မီဒီယာ ပေါင်းစုံမှ တစ်ဆင့်ပျံ့နှံ့ နေသော အလွှတ်သဘော ပုံကြီးချဲ့ပြောဆိုမှုများ အတွက် ရွေးချယ်ဖတ်ရှုစရာ လမ်းကြောင်းတစ်ခု ဖြည့်ဆည်းပေးသင့် ပါသည်။ အင်တာနက် သုံးစွဲမှု ပြန်လည် တင်းကြပ်ခြင်းသည် အလုပ်ဖြစ်နိုင်မည် မဟုတ်ဘဲ၊ နှစ်ပေါင်းများစွာ အထီးကျန်နိုင်ငံ၏ တံခါးအဖွင့်တွင် မြင်နေရသည့် ကြီးမားသော အကျိုးစီးပွားများ အတွက် ယင်းကိစ္စကို ဆန့်ကျင်ခြင်းခံရပါလိမ့်မည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများသည် အလွယ်တစ်ကူ နောက်ကြောင်းပြန် မဆုတ်နိုင်ဟု အကဲခတ်အများစုက ယုံကြည်ပါသည်။ သို့သော် ယခုကိစ္စကဲ့သို့ ကန့်သတ်နေရာတစ်ခုတွင် ဖြစ်ပွားနေသော်လည်း မာရှယ်လော ထုတ်ပြန်ရသည် အထိ ဖြစ်ပွားစေသော အကြမ်းဖက်မှုများ ဆူပွက်လာခြင်းသည် နိုင်ငံတော်၏ အသွင်းကူးပြောင်းမှု အပေါ် ခြိမ်းခြောက်လျက်ရှိသည်။ ယခု စိမ်ခေါ်မှုမှာ တည်ငြိမ်အေးချမ်းမှု ပြန်လည်တည်ဆောက်ခြင်းမျှ သာမကဘဲ လုပ်ငန်းစဉ်အတွင်း ပိုမိုကောင်းမွန်သော တိုင်းရင်းသား ဆက်ဆံရေးကိုပါ ထည့်သွင်းတည်ဆောက်သွားရေးပင်ဖြစ်ပါသည်။